# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 20 , 2023 — Volume 64, Number 13


၂၀.၃.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၈၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၈၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၆.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၄.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၆၀.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၄.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၉၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၀၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၀.၁၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၈.၂၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၆၂၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၃၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## GAP စနစ်နဲ့ ထုတ်လုပ်တဲ့ နာနတ်သီးများ တရုတ်နိုင်ငံသို့ တင်ပို့နိုင်ဖို့ကြိုးပမ်းနေ




ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agriculture Practices– GAP ) နည်းစနစ်အသုံးပြုကာဓာတုဆေးမပါတဲ့ ဘေးအန္တရာယ်ကင်းရှင်းတဲ့ နာနတ်သီးများအဖြစ် စိုက်ပျိုးထုတ်လုပ်မှုတွေ လုပ်ဆောင်နေပြီး တရုတ်နိုင်ငံသို့ အစိုးရချင်း MoU လက်မှတ်ရေးထိုး၍ တရားဝင်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။

ကုန်ခဲ့တဲ့ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလမှစတင်ကာ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ သီပေါမြို့နယ်က တောင်သူ ၂၀၀ ဦးဟာ နာနတ်သီးစိုက်ဧက ၄၀၀၀ ကို GAP နည်းပညာသုံးကာ စိုက်ပျိုးထားပြီး ထွက်ရှိလာတဲ့ နာနတ်သီးတွေကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ဖို့ ဆောင်ရွက်နေတာလို့ နာနတ်သီးတန်ဖိုးမြှင့် ထုတ်ကုန်ထုတ်လုပ်သူနှင့် စိုက်ပျိုးသူများထံမှ သိရပါတယ်။

GAP နည်းပညာသုံး နာနတ်သီးများတင်ပို့နိုင်ဖို့ စိုက်ပျိုးထုတ်လုပ်သူတွေအနေနဲ့ တရုတ်ပြည်သူ့ သမ္မတနိုင်ငံအကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့(GACC)တွင် မှတ်ပုံတင်ထားရှိရမှာပါ။ လက်ရှိမှာတော့ နာနတ်သီးကိုတန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်နေတဲ့ Golden Pineapple Co., Ltd ကတော့ မှတ်ပုံတင်ထားရှိပြီးဖြစ်ကာ မန္တလေးနှင့်မူဆယ်မြို့တို့ရှိ ကုမ္ပဏီ ၄ ခုတို့မှလည်း မှတ်ပုံတင်လျှောက်ထားခြင်းများ လုပ်ဆောင်နေတယ်လို့ သိရပါတယ်။

"လတ်တလောတော့ တရုတ်ဘက်ကစစ်ဆေးတာပြီးသွားပြီ။ တရုတ်ဘက်ကပိုးမွှားဌာနက မြန်မာဘက်ကဌာနကို သဘောထားမှတ်ချက်တောင်းလို့လည်း ပို့ပြီးသွားပြီ။ လာရောက်စစ်ဆေးဖို့ ကျန်သေးတယ်။ စစ်ဆေးပြီးတာနဲ့ အစိုးရချင်း MoU ထိုးပြီးပို့ခွင့်ရမှာပါ" လို့ တောင်သူတစ်ဦးကပြောပါတယ်။

GACC အနေဖြင့် တင်ပို့လာမည့် နာနတ်သီးစိုက်ပျိုးရာဒေသများရှိခြံများ၊ သိုလှောင်ရုံများသို့ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်မှာဖြစ်ပြီး တောင်သူတွေက ကုန်ကျစရိတ်တွေကျခံပေးရမှာပါ။ အဲလိုကွင်းဆင်း စစ်ဆေးချက်များ အောင်မြင်ပါက အစိုးရချင်း MoU လက်မှတ်ရေးထိုးကာ လာမယ့်ရာသီချိန်မှစတင်ကာ တင်ပို့နိုင်ဖို့ မျှော်မှန်းထားတယ်လို့ သိရပါတယ်။

မြန်မာ့ဒေသထွက် နာနတ်သီးတွေကို ယခင်ကတော့ မူဆယ်နယ်စပ်မှတဆင့် တရုတ်နိုင်ငံဘက်သို့ တင်ပို့မှုဟာ တစ်ရက်ကိုတန် ၃၀၀ မှ ၅၀၀ အထိ အဝယ်ရှိခဲ့သော်လည်း ၂၀၁၉ ဩဂုတ်လမှ စတင်ကာဝယ်ယူမှုကို တရုတ် နိုင်ငံဘက်က ရပ်ဆိုင်းခဲ့တာလို့ စိုက်ပျိုးတောင်သူများထံမှ သိရပါတယ်။ အခုအခါမှာတော့ မြန်မာနိုင်ငံဘက်မှ တရားဝင်ပြန်လည်တင်ပို့နိုင်ဖို့ ဆောင်ရွက်နေတာလို့ သိရပါတယ်။

နာနတ်သီးအများဆုံးထွက်ရှိတဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသများမှာလားရှိုး၊ သီပေါ၊ ဆိုက်ခေါင် စသည်တို့ ဖြစ်ပြီး ပြည်တွင်းဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေတယ်လို့ နာနတ်စိုက်ပျိုး တောင်သူတွေထံမှ သိရပါတယ်။ နာနတ်စိုက်ပျိုးမှုက သီပေါမှာ ၅၅ ရာခိုင်နှုန်း၊ လားရှိုးမှာ ၁၇ ရာခိုင်နှုန်းတန့်ယန်းမှာ ၉ ရာခိုင်နှုန်း၊ ဆိုက်ခေါင်မှာ ၆ ရာခိုင်နှုန်း၊ မိုင်းကိုင်၊ နမ့်ဆန်နဲ့ တခြားဒေသတွေမှာတော့ ၁၃ ရာခိုင်နှုန်းခန့်အထိစိုက်ပျိုးထားရှိတယ်လို့ သိရပါတယ်။

အစားအစာတွေမှာဘေးအန္တရာယ်ကင်းရှင်းဖို့ဆိုရင် GAP စနစ်နဲ့ စိုက်ပျိုးခြင်းနှင့် Organic (ဓာတုကင်းလွတ်စနစ်) နဲ့ စိုက်ပျိုးခြင်းဆိုပြီးရှိကြောင်းသိရပါတယ်။ GAP စနစ်ဟာမြေပြုပြင် စိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်သည် အထိ ထုတ်လုပ်မှုကွင်းဆက်တိုင်းမှာစားသုံးသူအတွက် အန္တရာယ်ဖြစ်စေသည့် ကူးစက်ညစ်ညမ်းမှုများအနည်းဆုံးဖြစ်စေရန် လိုက်နာရမည့် နည်းလမ်းများကို စုစည်းထားသည့် စံလုပ်ထုံးလုပ်နည်းလမ်းညွှန်မှုများဖြစ်ပါတယ်။

ဤဆောင်းပါးကို MFN မှကူးယူဖော်ပြပါသည်။

**Source:** https://t.me/htwettoe

## ၁၃.၃.၂၀၂၃ မှ ၁၇.၃.၂၀၂၃ နေ့အထိဈေးကွက်သုံးသပ်ချက်

**ဆန်စပါး**

ရန်ကုန်ဈေးကွက်မှာတော့ ဆန်ချောဈေးတွေ ငြိမ်နေပြီး ဆန်ကြမ်းဈေးတွေ အနည်းငယ်ပြန်တက်လာ ပါတယ်။ ဆန်အဝင်ကတော့ ပုံမှန်ရှိနေပြီး အရောင်းအဝယ်ကတော့အေးနေပါတယ်။ ဗဟိုဘဏ်က သတ်မှတ်ထားတဲ့ ၆၅-၃၅ ရာခိုင်နှုန်းကြောင့် နစ်နာမှုတွေရှိနေလို့ ဆန်တင်ပို့မှုကို ခဏရပ်ဆိုင်းထားပေမယ့် အဝယ်သွက်နေလို့ ဈေးက ပြန်တက်လာတာဖြစ်ပြီး အသစ်တွေ ဈေးကွက်ထဲမဝင်ခင် ထပ်ပြီးတက်နိုင်ဦးမယ်လို့ ဆန်ကုန်သည်တွေက သုံးသပ်ထားပါတယ်။

ရန်ကုန်ဝါးတန်းဈေးကွက်မှာ ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထ က တစ်အိတ်ကို ၅၂၀၀၀ကနေ ၅၃၅၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၅၀၀ ကျပ်၊ဧည့်မထ၂၅ မှတ်တန်က တစ်အိတ်ကို ၅၂၀၀၀ ကနေ ၅၃၀၀၀ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀ ကျပ်၊ ရက် ၉၀ ဆန်ကတော့ တစ်အိတ်ကို ၅၇၀၀၀ ကနေ ၅၈၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၀၀၀ ကျပ်၊ သီးထပ်ဆန်ကတော့ တစ်အိတ်ကို ၅၂၅၀၀ ကနေ ၅၃၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ် အသီးသီး ဈေးကျဆင်းသွားပါတယ်။

ဧရာဝတီတိုင်း ဆန်စပါးဈေးကွက်မှာတော့ ပုသိမ်ပေါ်ဆန်းစပါးက လက်ကျန်လည်း မရှိတော့သလို အရောင်း အဝယ်လည်း အေးနေတာဖြစ်လို့ ဈေးကပြန်ကျဆင်းနေပါတယ်။ တင်း ၁၀၀ ကို ၁၆၉၁၀၀၀ ပေါက်ဈေးရှိပြီး တင်း ၁၀၀ ကို ၂၆၀၀၀ ကျပ်ဈေးကျဆင်းပြီး၊ ဆန်ကတော့ တစ်အိတ်ကို ၇၀၀၀၀ ကျပ်နဲ့ဈေးငြိမ်နေပါတယ်။ ပုသိမ်ဧည့်မထစပါးကတော့ တင်း ၁၀၀ ကို ၁၃၈၉၀၀၀ ပေါက်ဈေးရှိပြီး တင်း ၁၀၀ ကို ၂၇၀၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။ ဆန်ကတော့ တစ်အိတ်ကို ၅၃၀၀၀ နဲ့ ဈေးငြိမ်ပါတယ်။ ကျန်မြို့နယ်ကတော့ ဈေးငြိမ်ပါတယ်။

မတ်ပဲ

မတ်ပဲကတော့ ဆက်တိုက်ဈေးမြင့်တက်နေပါတယ်။ ပြည်တွင်း လက်ကြီးသမားတွေရဲ့ ဈေးဆွဲတင်မှုတွေကြောင့် ဈေးက တက်နေတာဖြစ်တယ်လို့သိရပါတယ်။ ကြိုပွဲငှဲ့ရောင်းထားတဲ့ပဲတွေကို အပ်ရတော့မှာဖြစ်ပြီး တစ်တင်းကို ၅၀၀၀၀ ကနေ ၅၅၀၀၀ ကြား ပေးပြီးဝယ်ယူထားကြတယ်လို့ နယ်အချို့က ပဲကုန်သည်တွေက ဆိုပါတယ်။

သတ်မှတ်ထားတဲ့အချိန် ပဲမအပ်ရင်တော့ လက်ရှိပေါက်ဈေးနှုန်းနဲ့ လျော်ရမှာဖြစ်လို့ ဈေးဆွဲတင်နေတာဖြစ်ပြီး ပဲအပ်ကာလကျော်လွန်သွားရင်တော့ ဈေးတွေပြန်ကျဆင်းနိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။

အိန္ဒိယနိုင်ငံမှာတော့ မတ်ပဲလိုအပ်ချက်ရှိနေလို့ CNFဈေးနှုန်းတွေပါ မြင့်တက်နေတာဖြစ်ပြီး မတ်ပဲက ဈေးဆက်မာဦးမယ်လို့ သုံးသပ်မှုတွေရှိနေပေမယ့် လက်ရှိပေါက်ဈေးနှုန်းထက် မြင့်သွားရင်တော့ အဝယ်လျော့နိုင်ပြီး ဈေးချဝယ်ယူတာတွေ ရှိလာနိုင်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲ(FAQ/RC) တစ်တန်ကို ၁၉၈၅၀၀၀ ပေါက်ဈေးရှိပီး တစ်တန်ကို ၅၀၀၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း တစ်အိတ်ကို ၁၈၇၀၀၀ ကနေ ၁၉၁၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၄၀၀၀ ကျပ် ဈေးတက်လာပါတယ်။

မုံရွာဈေးကွက်၊အောင်လံဈေးကွက်၊ မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာ မတ်ပဲက တစ်တင်းကို ၆၃၀၀၀ ကနေ ၆၄၅၀၀ ကြားပေါက်ဈေးရှိပြီး ၁၅၀၀ ကျပ် ဈေးတက်လာပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၂ ခုနှစ် ကာလတူအခြေအနေမှာတော့ မတ်ပဲက တစ်တန်ကို ၁၄ သိန်းကျော်သာ ပေါက်ဈေးရှိနေပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကလည်း လက်ကျန်မရှိတော့ပဲ ဈေးကမြင့်တက်နေတာဖြစ်ပါတယ်။ ရောင်းသူဝယ်သူ စိတ်ကြိုက်ဈေးပေးဝယ်ယူမှုတွေအထိ ရှိနေတယ်လို့လည်း ပဲကုန်သည်တွေအကြား သိရပါတယ်။ အိန္ဒိယနိုင်ငံကလည်း ပဲ အထွက်နှုန်းလျော့မယ်လို့ ထုတ်ပြန်ထားတာကြောင့် မြန်မာပြည်တွင်းမှာရှိတဲ့ အထွက်နှုန်းနည်းတဲ့ ပဲစင်းငုံနီက ဈေးမြင့်နေတာဖြစ်ပါတယ်။ ပဲစင်းငုံနီက ဈေးတွေမြင့်တက်နေပေမယ့် တောင်သူတွေ လက်ထဲမှာတော့ ပဲမရှိတော့ပါဘူး။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၂၂၅၇၅၀၀ ပေါက်ဈေးရှိပြီး တစ်တန်ကို ၅၀၀၀၀ နီးပါးဈေးမြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း တစ်အိတ်ကို ၂၁၃၀၀၀ ကနေ ၂၁၅၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ လောက်ဈေးမြင့်တက်လာပါတယ်။

နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ မုံရွာနှင့် အောင်လံဈေးကွက်မှာတော့ တစ်တင်းကို ၇၀၀၀၀ ကနေ ၇၁၅၀၀ ကြားပေါက်ဈေးရှိပြီး တစ်တင်းကို ၁၅၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

ပြီးခဲ့တဲ့နှစ် ကာလတူအခြေအနေမှာ ပဲစင်းငုံနီက တစ်တန်ကို ၁၄သိန်း ၁ သောင်းကျော်သာ ပေါက်ဈေးရှိပါတယ်။

**ကုလားပဲ**

ကုလားပဲကတော့ ဆက်တိုက်ဈေးတက်နေပါတယ်။ ဈေးကွက်ထဲ အဝင်နည်းပြီး အဝယ်သွက်နေတဲ့အတွက် ဈေးကောင်း ရရှိနေတာဖြစ်ပါတယ်။ လက်ရှိ ကုလားပဲပေါက်ဈေးနှုန်းက စံချိန်တင်ဈေးမြင့်တက်နေတာ ဖြစ်တယ်လို့ ကုလားပဲစိုက် တောင်သူကုန်သည်တွေက ဆိုပါတယ်။

ကုလားပဲဈေးက လက်ရှိအမြင့်ဆုံးရောက်ရှိနေတဲ့အတွက် ပြည်ပကနေ တင်သွင်းမှုတွေရှိနေပြီး ဈေးနှုန်းကလည်း ထက်ဝက်နီးပါး ဈေးသက်သာတယ်လို့သိရပါတယ်။ အရည်အသွေးအားဖြင့်တော့ ပြည်တွင်းကုလားပဲတွေက ပိုကောင်းတယ်လို့ ရောင်းချသူတွေက ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ကုလားပဲလုံးဖြူက တစ်ပိဿာကို ၃၅၆၅ ကနေ ၃၆၃၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၅၀ ကျပ်၊ ကုလားပဲလုံးဖြူကြီးကတော့ တစ်ပိဿာကို ၃၅၅၀ ကနေ ၃၆၂၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၃၅ ကျပ်၊ ကုလားပဲခြမ်းကတော့ တစ်ပိဿာကို ၄၃၅၀ ကနေ ၄၇၀၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၀၀ ကျပ် အသီးသီး ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ကုလားပဲ (ထိုင်ဝမ်)က တစ်အိတ်ကို ၂၀၀၅၀၀ ကနေ ၂၀၁၀၀၀ ပေါက်ဈေးရှိပြီး ၁၅၀၀၀ ကျပ် ကုလားပဲ(ဗွီတူး)ကတော့ တစ်အိတ်ကို ၂၀၇၀၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၁၂၀၀၀ ကျပ်၊ ကုလားပဲ(ဗွီဆဲဗင်း)ကလည်း တစ်အိတ်ကို ၂၀၃၀၀၀ ကနေ ၂၀၄၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၂၀၀၀ ကျပ်၊ ကုလားပဲ ၉၂၉ ကတော့ တစ်အိတ်ကို ၂၀၂၀၀၀ ကနေ ၂၀၃၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၅၀၀၀ ကျပ်အသီးသီး ဈေးမြင့်တက်လာပါတယ်။

မုံရွာဈေးကွက်မှာလည်း ကုလားပဲ(ဗွီတူး)အသစ်ကတော့ တစ်တင်းကို ၆၈၅၀၀ ကျပ်ရှိပြီး တစ်တင်းကို ၃၀၀၀ ကျပ် ၊ကုလားပဲ(၉၂၉) အသစ် တစ်တင်းကို ၆၈၀၀၀ ပေါက်ဈေးရှိပြီး ၅၀၀၀ ကျပ်ဈေးတက်လာပါတယ်။

ပြီးခဲ့တဲ့နှစ်က ကုလားပဲတစ်အိတ်ကို အနိမ့်ဆုံးဈေး ၁၂၅၀၀၀ ကနေ အမြင့်ဆုံးဈေး ၁၃၅၀၀၀ ကြား ပေါက်ဈေးရှိခဲ့သည်။

**သကြား**

သကြားဈေးကတော့ ပြန်ကျဆင်းနေပါတယ်။ မှောင်ခိုတင်သွင်းလာတဲ့ သကြားတွေအဝင်များလာသလို ကြံကြိတ်ရာသီဖြစ်တဲ့အတွက် အနည်းငယ်ဈေးပြန်ကျဆင်းတာလို့ကုန်သည်အချို့ကတော့ ဆိုပါတယ်။

ဇီယမ်နမ်ကို သကြားတင်ပို့သွားဖို့ရှိပြီး ပြည်တွင်းစားသုံးမှုလည်း ပုံမှန်ရှိနေလို့ သကြားဈေးကတော့ အများကြီးကျဆင်းဖို့ မရှိဘူးလို့ ဆိုပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာ သကြားက တစ်ပိဿာကို ၃၀၀၀ ကနေ ၃၀၃၀ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၂၀ ကျပ်ဈေးကျဆင်းပါတယ်။ ပြီးခဲ့တဲ့ နှစ်ပတ်အတွင်း တစ်ပိဿာကို ၆၀ လောက်ဈေးကျဆင်းသွားပါတယ်။

**Source: AMIA**

https://t.me/htwettoe

## လျှိုကျိုးမြို့မှစီးပွားရေးလုပ်ငန်းရှင်များက မြန်မာ၌ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု မူဝါဒများနှင့်အလားအလာတို့ကို စိတ်ဝင်စားနေ

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလိုသည့် တရုတ်နိုင်ငံ၊ ကွမ်ရှီးဒေသ၊ လျှိုကျိုးမြို့မှ စီးပွားရေးလုပ်ငန်းရှင်များက နန်နင်းမြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ်ဦးကျော်စိုးသိန်းနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

မြန်မာကောင်စစ်ဝန်ချုပ်အား လျှိုကျိုးနိုင်ငံခြားရေးရုံးမှ ဒု-ညွှန်ကြားရေးမှူး Mr. Wu Qijun နှင့် လျှိုကျိုးမြို့ကုမ္ပဏီများနှင့် စီးပွားရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၁၄ ဦးတို့က မတ် ၁၆ ရက်မွန်းလွဲ ၂ နာရီက လာရောက် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ဈေးကွက်အခြေအနေ၊ သွင်းကုန်/ပို့ကုန် တင်ပို့နိုင်မှုအခြေအနေနှင့် မူဝါဒများ၊ သတ္တုတွင်းလုပ်ငန်းဆိုင်ရာ အခြေအနေနှင့်မူဝါဒများ၊နည်းပညာကုမ္ပဏီများ၊သွင်းကုန်/ပို့ကုန် ကုမ္ပဏီများတည်ထောင်လုပ်ကိုင်နိုင်မှု အခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုမူဝါဒနှင့်အခွင့်အလမ်းများအား လျှိုကျိုးမြို့မှ စီးပွားရေးလုပ်ငန်းရှင်များက မေးမြန်းခဲ့ကြသည်။

မြန်မာကောင်စစ်ဝန်ချုပ်က ပြန်လည်ဖြေကြားခဲ့ပြီးနောက် အခြားပူးပေါင်းဆောင်ရွက်နိုင်မည့် သီလဝါဆိပ်ကမ်းစက်မှုဇုန်၊ စွမ်းအင်သစ်သုံးမော်တော်ယာဉ်ကဏ္ဍနှင့် အလားအလာများကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒများ၊ သီလဝါအထူးစက်မှုဇုန်ဆိုင်ရာအချက်အလက်များ၊မြန်မာ့ကျောက်မျက်ပြပွဲဆိုင်ရာ အချက်အလက်များနှင့်မြန်မာနိုင်ငံမှ ဆန်၊ ဆန်ကွဲ၊ ရေထွက်ပစ္စည်းများ၊ သတ္တုတွင်းထွက်များနှင့်ဆေးဖက်ဝင်အပင်များ တင်ပို့ရောင်းချသည့်ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များ၏ ဆက်သွယ်ဆောင်ရွက်နိုင်မည့် အချက်အလက်များကို မြန်မာကောင်စစ်ဝန်ချုပ်ကဖြန့်ဝေပေးခဲ့သည်။

**Source: Popular News Journal**

## ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှု ယမန်နှစ်ထက် အမေရိကန်ဒေါ်လာ သန်း ၆၀ ကျော်လျော့နေသေး



Source: Popular News Journal

၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်၏ ဧပြီလ ၁ ရက်မှ မတ်လ ၁၀ ရက်အထိ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၀၈ ဒသမ ၀၃ သန်းကျော်ရရှိခဲ့ပြီး ယမန်နှစ်ထက် သန်း ၆၀ကျော် လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်တွင် ပြည်ပသို့ရေထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၆၈ ဒသမ ၂၂ သန်းကျော် ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို ပုံမှန်ကုန်သွယ်ရေး Normal Trade နှင့် နယ်စပ်ကုန်သွယ်ရေး Border Trade လမ်းကြောင်းများမှတစ်ဆင့် ပြည်ပနိုင်ငံတွေကို တင်ပို့နေခြင်းဖြစ်ပြီး လက်ရှိအခြေအနေတွင် ပြည်ပရေထွက်ကုန် တင်ပို့မှုသည် ပုံမှန်အတိုင်း တင်ပို့နေသော်လည်း ကိုဗစ်ကာလမတိုင်ခင်အခြေအနေကို ပြန်လည်မရောက်ရှိသေးသည့်အတွက် တင်ပို့မှုလျော့ကျနေဆဲဖြစ်ကြောင်း သိရသည်။

မြန်မာ့ရေထွက်ကုန်ကို ပုံမှန်ကုန်သွယ်ရေးအဖြစ် ဂျပန်နှင့် ဥရောပနိုင်ငံများသို့ပို့နေပြီး တရုတ်၊ ထိုင်းနှင့်အိမ်နီးချင်းနိုင်ငံများသို့ မူဆယ်၊ မြဝတီ၊ ကော့သောင်း၊ စစ်တွေ၊ မြိတ်၊ မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းမှလည်း ငါး၊ ပုဇွန်၊ ဂဏန်း စသည့် ရေထွက်ကုန်တွေကို ပုံမှန်တင်ပို့နေခြင်းဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးတွင် ငါးနှင့်ပုဇွန်မွေးမြူသည့်ကန်ပေါင်း (၄၈၀,၀၀၀) ရှိသည့်အပြင် အအေးခန်းသိုလှောင်ရုံပေါင်း (၁၂၀) ကျော်ရှိကြောင်း၊ ပြည်ပသို့ ငါးတင်ပို့မှုတွင် ငါးသလောက်၊ ကတ်ကတစ်၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးတန်စသည့် အမျိုးအစား ၈၀ ကျော်နှင့် ငါးခြောက်မျိုးစုံကို တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source: Popular News Journal**

## ဆန်စျေးကွက် အနည်းငယ်လှုပ်လာပြီး တစ်အိတ်လျှင် ငွေကျပ်တစ်ထောင်ဝန်းကျင် စျေးမြင့်လာ

ပြည်တွင်းစားသုံးမှု ဆန်စျေးကွက် ယမန်နေ့ကစ၍ အနည်းငယ်လှုပ်လာပြီး တစ်အိတ်လျှင် ငွေကျပ် တစ်ထောင် ဝန်းကျင် စျေးမြင့်လာသည်ဟု ဆန်စျေးကွက်မှ သိရသည်။

ပြီးခဲ့သည့် မတ်လဆန်းမှစ၍ ဆန်စျေးကွက် အကျဘက်သို့ ရောက်ရှိသွားခဲ့ရာက ယခုကဲ့သို့ စျေးပြန်လည် မြင့်တက်လာခြင်းဖြစ်သည်။

"ဖေဖော်ဝါရီ တတိယပတ်လောက်ထိ ဆန်စျေးအမြင့်ပိုင်းမှာ ဝယ်ထားသူတချို့ ပွဲရုံတွေက စျေး ချမရောင်းနိုင်ဘူး ဖြစ်နေတယ်။ တချို့ကလည်း လက်ရှိပေါက်စျေးနဲ့ ရောင်းတာလည်းရှိတာပေါ့။ ဆန်ကြမ်းရော ဆန်ချောရော နှစ်မျိုးလုံး စျေးလှုပ်လာတာပါ"ဟု မန္တလေးဆန်ပွဲရုံတစ်ခုထံမှ သိရသည်။

ဆန်စျေးမြင့်တက်ခြင်းမှာ စပါးစျေးပေါ်အခြေခံပြီး စပါးထွက်ရှိမှုအခြေအနေပေါ်မူတည်ခြင်းကြောင့် နယ်စပ်မှ ပြည်ပ ဆန်တင်ပို့မှုတွင် ကုန်သွယ်ရေးဦးစီးဌာနက ပို့ကုန်ဝင်ငွေအပေါ် ငွေလဲလှယ်မှုကို ၆၅-၃၅ မူဝါဒ ချမှတ်လိုက်ရာ မတ်လဆန်းပိုင်းတွင် ဆန်နှင့်စပါး အဝယ်နားသလောက်ဖြစ်ခဲ့ရာက ဆန်၊ စပါး စျေးကျဆင်းခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

"ဆန်၊ ဆန်ကွဲ နယ်စပ်က ရောင်းရင် အရင်တုန်းကတော့ ပြင်ပပေါက်စျေးနဲ့ လဲလို့ရတယ်။ ရေလမ်းကုန်သွယ်မှုလိုပဲ ပို့ကုန်ရငွေအပေါ် ၆၅ ရာခိုင်နှုန်းကို ဗဟိုဘဏ်ပေါက်စျေးနဲ့ ငွေလဲရမယ်ဆိုတော့ ဆန်တစ်ပိုင်းကို ငွေကျပ် တစ်သောင်း ဝန်းကျင် နစ်နာခဲ့တယ်"ဟု တရုတ်သို့ ဆန်တင်ပို့သူတစ်ဦးကပြောသည်။

လက်ရှိ ပြည်တွင်းဆန်စျေးကွက်တွင် ၂၄ ပြည်တစ်အိတ်လျှင် ရွှေဘို မဂျမ်းအိုးဝင် ထူးထူးရှယ်မှာ ငွေကျပ် ၆၇၀၀၀ ဝန်းကျင်၊ သုခဆန်မှာ ငွေကျပ် ၆၅၀၀၀ဝန်းကျင်၊ ပဒေသာအဟောင်း ငွေကျပ် ၇၇၀၀၀ ပဒေသာအသစ် ငွေကျပ် ၆၅၀၀၀ ပေါက်စျေးရှိပြီး စပါးစျေးမှာလည်း အတက်ဘက်သို့ရောက်လာကြောင်း၊ မိုးစပါးဆန်ဟောင်းများမှာ လက်ကျန်မရှိသလောက် နည်းပါးသွားပြီဖြစ်၍ စျေးကွက်ကျဆင်းခြင်းမရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## တရုတ်-မြန်မာ ကုန်သွယ်မှု ယွမ်သန်း ၂၀၀ ကျော်ရှိ

ယခု ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မတ် ၁၂ ရက်အထိ တရုတ်-မြန်မာ ကုန်သွယ်မှု ယွမ်သန်း ၂၀၀ ကျော် ရှိပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သိရသည်။

နှစ်နိုင်ငံ နယ်စပ်ဂိတ်တစ်ခုဖြစ်သည့် ဟိုချောင်နယ်စပ်ဂိတ်မှတစ်ဆင့် ကုန်သွယ်မှုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ကုန်သွယ်မှု အနေဖြင့် ပို့ကုန်၊ သွင်းကုန် တန်ချိန် ၁၃၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

အဆိုပါ ကာလအတွင်း ဟိုချောင်နယ်စပ်ဂိတ်မှ ပြည်တွင်း၊ ပြည်ပ ဝင်ထွက်သွားလာသူ အရေအတွက် ၁၅၀၀၀ ကျော်နှင့် မော်တော်ယာဉ်အစီးရေ ၈၀၀၀ ကျော် ရှိခဲ့ကြောင်း တရုတ်သံရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်မှုကဏ္ဍတွင် နယ်နိမိတ်ချင်း ထိစပ်နေသည့် တရုတ်နိုင်ငံနှင့် အများဆုံး ကုန်သွယ်မှု ပြုလုပ်နေပြီဖြစ်သည်။

ရေထွက်ပစ္စည်း၊ လယ်ယာစိုက်ပျိုးရေးထွက်ကုန်၊ တွင်းထွက်သယံဇာတနှင့် ပို့ကုန်မျိုးစုံကို တရုတ်နိုင်ငံသို့ အဓိက တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

**Source:** https://t.me/sdtimedaily

## (၁၃-၃-၂၀၂၃ မှ ၁၇-၃-၂၀၂၃ ) တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်းများ

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၁၃-၃-၂၀၂၃ မှ ၁၇-၃-၂၀၂၃) အတွင်းဖြစ်ပေါ်ခဲ့သော အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ (၁၃-၃-၂၀၂၃)တွင် ဆင်ဖြူကျွန်းလုံးလတ် ကျပ် ၁၃၀၀၊ ဆင်ဖြူကျွန်းဆွဲ ကျပ် ၁၄၀၀၊ ဆင်ဖြူကျွန်း A1 ကျပ် ၁၅၀၀၊ ဆင်ဖြူကျွန်း OK ကျပ် ၁၈၀၀၊ ဆင်ဖြူကျွန်း S1 ကျပ် ၁၈၀၀ ၊ဆင်ဖြူကျွန်း S2 ကျပ် ၁၃၀၀၊ ၊ဆင်ဖြူကျွန်း S3 ကျပ် ၁၃၀၀၊ ဗန်းမော်အာလူး ကျပ် ၁၈၅၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဗန်းမော်အာလူး ကျပ် ၅၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်အမျိုးအစားများ ဈေးငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ အာလူးကား စီးရေ ၃၃ စီး( ၁၉၈၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မြစ်သားမြို့တို့မှ ကြက်သွန်နီများ ဝင်ရောက် လျက် ရှိရာ (၁၃-၃-၂၀၂၃ မှ ၁၇-၃-၂၀၂၃ ) အတွင်း ဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ ( တစ်ပိဿာ ) ဈေးနှုန်းများမှာ (၁၃-၃-၂၀၂၃) နေ့တွင် ဆိပ်ဖြူရှယ် ကျပ် ၁၁၅၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၂၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၂၅၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၀၅၀၊ မြစ်သားရှယ် ကျပ် ၁၆၀၀၊ မြစ်သားလတ်ကြီး ကျပ် ၁၈၀၀၊ မြစ်သားလတ်သန့် ကျပ် ၁၇၅၀ နှင့် မြစ်သားလတ်ချော ကျပ် ၁၄၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၂၅၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၅၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၅၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၅ အသီးသီးဈေးကျဆင်းခဲ့ပြီး မြစ်သားရှယ် ကျပ် ၅၀၊ မြစ်သားလတ်ကြီး ကျပ် ၅၀ နှင့် မြစ်သားလတ်သန့် ကျပ် ၁၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ကြက်သွန်နီကားစီးရေ ၁၇၀စီး( ၁၀၂၀၀၀၀ ပိဿာ) ခန့်ဝင်ရောက်ခဲ့ကြောင်း သိရသည်၊

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၃-၃-၂၀၂၃ မှ ၁၇-၃-၂၀၂၃)အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန် ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ( ၁၃-၃-၂၀၂၃ ) တွင် ကြူကုတ်ရှယ် ကျပ် ၄၀၅၀ အောင်ပန်း ထူး-၂ ကျပ် ၃၂၀၀၊ အောင်ပန်းထူး-၃ ကျပ် ၃၆၀၀၊ အောင်ပန်းထူး-၄ ကျပ် ၃၇၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၄၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၅၀ အောင်ပန်းထူး-၃ ကျပ် ၁၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၃၀၀ ဈေးကျဆင်းခဲ့ပြီး အောင်ပန်းထူး-၂ ကျပ် ၂၀၀ ဈေးမြင့်တက်ခဲ့သည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၂၆၀၀ ( ၇၈၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန**

# STOCK EXCHANGE (20.3.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 20th Mar. 2023

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,399 (Shares) | 7,754,100 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +200 | +2.47% | 8,100 | 8,300 | 8,100 | 632 | 5,123,600 | 33,109,694 | 274,811 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,150 | 3,200 | 3,150 | 341 | 1,074,650 | 38,929,150 | 124,573 |
| MCB | 00003 | 7,500 | +200 | +2.74% | 7,500 | 7,500 | 7,500 | 3 | 22,500 | 10,400,986 | 78,007 |
| FPB | 00004 | 1,550 | -50 | -3.13% | 1,550 | 1,550 | 1,550 | 159 | 246,450 | 29,664,613 | 45,980 |
| TMH | 00005 | 2,700 | +150 | +5.88% | 2,700 | 2,700 | 2,700 | 1 | 2,700 | 12,823,224 | 34,623 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 2 | 5,400 | 19,977,223 | 53,939 |
| AMATA | 00007 | 4,800 | -100 | -2.04% | 4,900 | 4,900 | 4,800 | 261 | 1,278,800 | 10,497,598 | 50,389 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 20th Mar. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 375.87 | +4.59 | +1.24% | 370.43 | 375.87 | 370.43 | 1,399 | 7,754,100 | 7 | 662,322 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 20th Mar. 2023

| Trading Volume | Trading Value |
|---|---|
| 1,399 (Shares) | 7,754,100 (MMK) |

## Main Board

As of 1:00 pm, 20th Mar. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,399 (Shares) | 7,754,100 (MMK) |

| MYANPIX | 375.87 ▲ 4.59 |
|---|---|
| Total Volume (shares) | 1,399 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 662,322 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 200 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 7,500 | ▲ 200 |
| FPB | 00004 | 1,550 | ▼ 50 |
| TMH | 00005 | 2,700 | ▲ 150 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 100 |